# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 14 , 2022 Volume 61, Number 10


၁၄.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၁ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၇၅၀၀၀ |
| ဒေါ်လာဈေး | = ၂၈၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၈.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၉.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၂.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၂.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၂၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၆၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၅၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၈.၂၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၇၃၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကုလားပဲမှာ ယခင်နှစ်ထက် ဈေးကောင်းရလာတာကြောင့် တောင်သူများ ပိုမိုစိုက်ပျိုးလာ

ကုလားပဲမှာ အဓိကအားဖြင့် ပြည်တွင်းဝယ်လိုအားကောင်းသောကြောင့် ၂၀၂၁ ခုနှစ်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ ဝန်းကျင်ရှိရာက ၂၀၂၂ ခုနှစ်၊ နှစ်ဆန်းပိုင်းမှစ၍ တဖြည်းဖြည်းဈေးမြင့်လာပြီး လက်ရှိတွင် ငွေကျပ် ၁၉၀၀၀၀ ဝန်းကျင်ပေါက်ဈေးရှိရာ ဈေးကောင်းရသဖြင့် စိုက်ပျိုးသူများလာကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။

ကုလားပဲသီးနှံကို မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမှုများပြားပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ ကုလားပဲစိုက်ပျိုးမှုတွင် ၂၀၂၂-၂၀၂၃ ခုနှစ် လျာထားချက်မှာ ဧကပေါင်း ၂၂၀၀၀၀ ကျော်ဖြစ်ကြောင်းသိရသည်။ "ဆောင်းသီးနှံကုလားပဲက အောက်တိုဘာ၊ နိုဝင်ဘာမှာ စိုက်နေကြပြီ။ ကုလားပဲဝယ်လိုအားကောင်းလို့ ဈေးမြင့်လာတာပါ။ ဒီနှစ်မှာ ကုလားပဲဈေးက သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၁၈၀၀၀၀ ဝန်းကျင်ရှိနေတော့ ဈေးကောင်းရလို့ စိုက်ပျိုးသူများလာတယ်။ အတန်းလိုက်စိုက်ပျိုးတာနဲ့ ကြဲပက်စိုက်ပျိုးကြတယ်"ဟု ၎င်းကပြောသည်။

မန္တလေးကုန်စည်ဒိုင်တွင် ဒီဇင်ဘာ ၁၂ ရက်က ကုလားပဲပေါက်ဈေးမှာ သုံးတင်းဝင်တစ်အိတ်လျှင် (V-2) ကုလားပဲနှင့် (V-7)ကုလားပဲမှာ ငွေကျပ် ၁၉၂၀၀၀-၁၉၅၀၀၀၊ V-9 ကုလားပဲမှာ ငွေကျပ် ၁၆၈၀၀၀ ဖြစ်ကြောင်း၊ ယမန်နှစ်က သွင်းအားစုဈေးနှုန်းမြင့်မားခြင်းနှင့် အလုပ်သမားရှားပါးမှုကြောင့် အချို့မှာ စိုက်ပျိုးနိုင်မှုမရှိ၍ လျာထားချက်ထက် အနည်းငယ်လျော့နည်းခဲ့ကြောင်း သိရသည်။

"မနှစ်က ကုလားပဲဈေး သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၁၅၀၀၀၀ ဝန်းကျင် ပါ။ ဒီနှစ် နှစ်ဆန်းပိုင်းကစလို့ ဈေးမြင့်လာခဲ့ရာက ငွေကျပ် ၁၉၀၀၀၀ ဝန်းကျင် ဖြစ်လာတယ်။ အခြားပဲမျိုးစုံလည်း စိုက်ပျိုးကြပေမယ့် ဈေးကောင်းရနေတဲ့ တောင်သူအများစုက ကုလားပဲကို ပိုပြီးစိုက်ပျိုးလာကြတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

ယမန်နှစ်က ကုလားပဲစိုက်ပျိုးမှုတွင် ဧကပေါင်း ၂၂၀၀၀၀ ကျော် လျာထားသည့်အနက် ဧကပေါင်း ၂၁၇၀၀၀ ခန့် စိုက်ပျိုးခဲ့ပြီး၊ ယခုနှစ် ဒီဇင်ဘာ ဒုတိယပတ်အတွင်း ဧကပေါင်း ၇၂၆၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ရာ နွားထိုးကြီးနှင့် မြစ်သားမြို့နယ်များတွင် အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## စက်သုံးဆီဈေး ကျဆင်းလာပြီး ရန်ကုန်တွင် ဓာတ်ဆီတစ်လီတာ ကျပ် ၁၈၀၀ အောက်သို့ ရောက်ရှိလာ


https://news-eleven.com/article/241701

စက်သုံးဆီဈေးကျဆင်းလာပြီး ရန်ကုန်တွင် ဓာတ်ဆီတစ်လီတာ ၁၈၀၀ ကျပ်အောက်သို့ ရောက်ရှိလာကြောင်း စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီ၏ ထုတ်ပြန်ချက်အရသိရသည်။ ဒီဇင်ဘာ ၁၃ ရက်တွင် အဆိုပါကော်မတီက ထုတ်ပြန်သည့်ဈေးနှုန်းများအရ ၉၂ တစ်လီတာ ကျပ် ၁၇၉၅ ကျပ်၊ ၉၅ တစ်လီတာ ကျပ် ၁၈၈၅၊ ရိုးရိုးဒီဇယ်တစ်လီတာ ကျပ် ၂၁၃၀၊ ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၂၂၀၅ ဖြစ်ကြောင်း သိရသည်။

စက်သုံးဆီဈေးနှုန်းများမှာ ဒီဇင်ဘာလဆန်းပိုင်းမှစတင်ကာ အနည်းငယ်ကျဆင်းလာခြင်းဖြစ်သည်ကို တွေ့ရသည်။ ဒီဇင်ဘာ ၁၀ ရက်တွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီဈေးနှုန်းများမှာ ၉၂ တစ်လီတာ ကျပ် ၁၈၀၅ ကျပ်၊ ၉၅ တစ်လီတာ ကျပ် ၁၈၉၅၊ ရိုးရိုးဒီဇယ်တစ်လီတာ ကျပ် ၂၁၈၅၊ ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၂၂၆၀ သို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

ဒီဇင်ဘာ ၉ ရက်တွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီဈေးနှုန်းများမှာ ၉၂ တစ်လီတာ ကျပ် ၁၈၃၀ ကျပ်၊ ၉၅ တစ်လီတာ ၁၉၂၅ ကျပ်၊ ရိုးရိုးဒီဇယ်တစ်လီတာ ၂၁၂၅ ကျပ် ၊ ပရီမီယံဒီဇယ်တစ်လီတာ ၂၂၀၀ ကျပ်သို့ ပြန်လည်ရောက်ရှိလာကြောင်းသိရသည်။

ဒီဇင်ဘာ ၈ ရက်တွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီဈေးနှုန်းများမှာ ၉၂ တစ်လီတာ ကျပ် ၁၈၆၅ ကျပ်၊ ၉၅ တစ်လီတာ ကျပ် ၁၉၆၀ ကျပ်၊ ရိုးရိုးဒီဇယ်တစ်လီတာ ၂၁၉၅ ကျပ်၊ ပရီမီယံဒီဇယ်တစ်လီတာ ၂၂၇၀ ကျပ်သို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းမှာ အတက်၊ အကျ တည်ငြိမ်မှုမရှိကြောင်း၊ လက်ရှိ ဒီဇင်ဘာလ ဒုတိယအပတ်တွင် ပြည်တွင်းစက်သုံးဆီဈေးနှုန်းဖြစ်သည့် ၉၂ တစ်လီတာလျှင်ကျပ် ၁၇၀၀ နီးပါးအထိ ကျဆင်းလာခြင်းဖြစ်သည်။

ဒီဇင်ဘာ ၇ ရက်တွင် ပြည်တွင်းစက်သုံးဆီဈေးနှုန်းမှာ ၉၂ တစ်လီတာ ၁၉၁၀ ကျပ်၊ ၉၅ တစ်လီတာ ၂၀၀၅ ကျပ်၊ ဒီဇယ်တစ်လီတာ ၂၂၇၀ ကျပ်၊ ပရီမီယံဒီဇယ်တစ်လီတာ ၂၃၄၅ ကျပ်ဖြစ်ကြောင်းသိရသည်။ စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် အချို့စက်သုံးဆီ အရောင်းဆိုင်များတွင် သတ်မှတ်ရည်ညွှန်း ဈေးနှုန်းထက် ပိုမိုရောင်းချနေသည့် စက်သုံးဆီအရောင်းဆိုင်တွေကိုစိစစ်ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ အရေးယူကြောင်း သိရသည်။

ရန်ကုန်၊ မန္တလေးအပါအဝင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ရည်ညွှန်းလက်လီဈေးနှုန်းဖြင့် ရောင်းချပေးနေကြောင်း စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်မှုကော်မတီမှ သိရသည်။ သီလဝါ ဆိပ်ကမ်း၌ စက်သုံးဆီဂါလန် ၁၆ သန်းကျော် ဆီချခဲ့သဖြင့် ရန်ကုန်သီလဝါ ဆီလှောင်ကန်လက်ကျန်များ၊ စက်သုံးဆီ အရောင်းဆိုင်များနှင့် ဖြန့်ဖြူးမှုလက်ကျန်အခြေအနေများအရ စက်သုံးဆီဖူလုံမှုရှိကြောင်း ထုတ်ပြန်ထားသည်။

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီအမျိုးအစား အလိုက် ဖူလုံမှုရှိစေရေး စိစစ်တင်သွင်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်း ရှိ Terminal များတွင် ရိုးရိုးဒီဇယ်ဆီ ဂါလန် ၃ ဒသမ ၀၇ သန်းနှင့် ပရီမီယံဒီဇယ်ဆီ ဂါလန် ၃ ဒသမ ၀၇ သန်း တင်ဆောင်လာသည့် MT Harmony One သင်္ဘောသည် ဆီချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဓာတ်ဆီ 92 Ron ဂါလန် ၂ ဒသမ ၇၆ သန်း၊ ဓာတ်ဆီ 95 Ron ဂါလန် သုည ဒသမ ၉၂ သန်းနှင့် ရိုးရိုးဒီဇယ်ဆီ ဂါလန် ၁ ဒသမ ၆၅ သန်း တင်ဆောင်လာသည့် MT Yu Dong သင်္ဘော၊ ပရီမီယံဒီဇယ်ဆီ ဂါလန် ၄ ဒသမ ၃၁ သန်း တင်ဆောင်လာသည့် MT BelugaPacific သင်္ဘောတို့သည် သက်ဆိုင်ရာ Terminal များသို့ဆိုက်ကပ်၍ ဆီချလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ရန်ကုန်မြို့ သီလဝါ ဆီလှောင်ကန်လက်ကျန်များ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဖြန့်ဖြူးမှုလက်ကျန်များအရ စက်သုံးဆီဖူလုံမှုရှိကြောင်း ထုတ်ပြန်ခဲ့သည်။

Source: https://news-eleven.com/article/241701

## ဒီဇင်ဘာ ၁၃ ရက်တွင် ရန်ကုန်ရွှေအသင်းက ရည်ညွှန်းဈေးအခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၂၁၀၄၀၀၀ ဝန်းကျင်သတ်မှတ်ခဲ့ပြီး ပြင်ပဈေးကွက်၌ ရွှေတစ်ကျပ်သား ကျပ် ၂၆၆၅၀၀၀ ဝန်းကျင်ရှိနေ



https://news-eleven.com/article/241690

ဒီဇင်ဘာ ၁၃ ရက်တွင် ရန်ကုန်ရွှေအသင်းက ရည်ညွှန်းဈေး အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၂၁၀၄၀၀၀ ဝန်းကျင်သတ်မှတ်ခဲ့ပြီး ပြင်ပဈေးကွက်၌ ရွှေတစ်ကျပ်သား ကျပ်၂၆၆၅၀၀၀ ဝန်းကျင်ရှိနေကြောင်းသိရသည်။ ဒီဇင်ဘာ ၁၂ ရက်တွင်လည်း ပြင်ပဈေးကွက်၌ ပြည်တွင်းရွှေဈေး တစ်ကျပ်သားလျှင် ကျပ် ၂၆၆၅၀၀၀ ဝန်းကျင်ဖြင့် ဈေးပိတ်ခဲ့သည်။

ပြီးခဲ့သည့်စက်တင်ဘာ ၁၀ ရက်တွင် အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၃၁၁၀၀၀၀ ဝန်းကျင်ဖြင့် စတင်ဈေးဖွင့်ခဲ့ပြီး ကျပ် ၃၁၃၀၀၀၀ သိန်းဝန်းကျင်ဖြင့် ဈေးပိတ်ခဲ့ကာ အနိမ့်ဆုံးကျပ် ၃၁၀၀၀၀၀ သိန်းနှင့် အမြင့်ဆုံးကျပ် ၃၁၃၀၀၀၀ သိန်းဝန်းကျင်ရှိခဲ့ကြောင်း သိရသည်။

စံချိန်တင်ဈေးနှုန်းအနေဖြင့် ဩဂုတ်၁၂ ရက်တွင် အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၂၆ သိန်းသို့ ရောက်ရှိခဲ့ပြီး ဩဂုတ် ၁၃ တစ်ရက်တည်းတွင် နံနက်ပိုင်း၌ ၂၇ သိန်း၊ နေ့လည်ပိုင်းတွင်၂၈ သိန်းကျော်အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ဩဂုတ် ၃၁ ရက်က ၃၆၇၀၀၀၀ ထိစံချိန်တင် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ် ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၅၀၀၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့် အမြင့်ဆုံးကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ်ဧပြီလတွင် ၁၅၆၈-၁၇၂၉ ဒေါ်လာ၊ မေလတွင် ၁၆၈၃-၁၇၄၈ ဒေါ်လာ၊ ဇွန်လတွင် ၁၆၈၀-၁၇၇၉ ဒေါ်လာ၊ စက်တင်ဘာလတွင် ၁၈၄၈-၁၉၇၅ ဒေါ်လာ၊ အောက်တိုဘာလတွင် ၁၈၅၈- ၁၉၃၃ ဒေါ်လာ၊ နိုဝင်ဘာလတွင် ၁၇၆၄- ၁၉၆၆ ဒေါ်လာ၊ ဒီဇင်ဘာလတွင် ၁၇၇၆-၁၉၀၆ ဝန်းကျင် ရှိခဲ့ခြင်းဖြစ်သည်။

ရွှေဈေးနှုန်းအား သတ်မှတ်နိုင်ငံခြားငွေလဲလှယ်နှုန်းအပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရန် ညွှန်ကြားထားသော်လည်း ရွှေဆိုင်အများစုမှာ ပြင်ပပေါက်ဈေးဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေကြကြောင်းသိရသည်။ လက်ရှိတွင် ရွှေအရောင်းဆိုင်များတွင် အဆိုပါသတ်မှတ်ဈေးနှုန်းအား အရောင်းဘောက်ချာတွင်သာရေး၍ ရောင်းချခြင်းဖြစ်ပြီး လက်တွေ့ဝယ်ယူရာတွင် ပြင်ပပေါက်ဈေးဖြင့်သာ ပေးချေဝယ်ယူနေရခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/241690

## မြစ်ဝကျွန်းပေါ်ဒေသမှထွက်သော ရေထွက်ကုန်ပစ္စည်းများကို ဈေးကွက်များသို့ တင်ပို့ရောင်းချမည်



https://www.foodindustrydirectory.com.mm

မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသမှထွက်ရှိသော ရေထွက်ကုန်ပစ္စည်းများကို နိုဝင်ဘာလမှစ၍ ဈေးကွက်သို့တင်ပို့ရောင်းချပေးနေပြီဖြစ်ကြောင်း ဘိုကလေးမြို့နယ် ကဒုံကနိ ကျေးရွာမှ ပင်လယ်ရေလုပ်ငန်းရှင်ထံမှ သိရသည်။

ပုသိမ်မြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ ပြင်စလူမြို့များရှိ ပင်လယ်ကမ်းခြေဒေသများတွင် ပင်လယ်ရေလုပ်ငန်းရာသီကို နှစ်စဉ် စက်တင်ဘာလလယ်မှ မေလလယ်ထိလုပ်ကိုင် ဆောင်ရွက်

လျက်ရှိကြောင်းသိရသည်။ ယခုနှစ် ပင်လယ်ရေလုပ်ငန်းများကို အောက်တိုဘာလမှစ၍ လုပ်ကိုင်ခဲ့ရာ ရေထွက်ကုန်ပစ္စည်းများကို ဈေးကွက်များသို့ နိုဝင်ဘာလမှစ၍ တင်ပို့ရောင်းချပေးရာ ရန်ကုန်ဈေးကွက်နှင့် မြန်မာနိုင်ငံ အထက်ပိုင်းဈေးကွက်များသို့ တင်ပို့ရောင်းချပေးကြောင်း သိရသည်။

မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသရှိ ပင်လယ်ရေလုပ်ငန်းများမှ မျှင်ငါးပိ၊ ငါးကွမ်းရုပ်ငါးခြောက်နှင့် ငါးစည်ဖောင်းများကို ဈေးကွက်သို့ တင်ပို့ရောင်းချပေးနေပြီဖြစ်ကြောင်း၊ ပင်ရင်းဒေသများ၌ မျှင်ငါးပိအကြမ်း တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀၀၊ ငါးကွမ်းရုပ် ငါးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ပေါက်ဈေးရှိ နေကြောင်းသိရသည်။

ယခင်နှစ် ပင်လယ်ရေလုပ်ငန်းရာသီတွင် မျှင်ငါးပိအကြမ်း တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ခန့်နှင့် ငါးကွမ်းရုပ်ငါးခြောက် တစ်ပိဿာလျှင် ၁၂၀၀၀ မှ ၁၃၀၀၀ သာ ပေါက်ဈေးရရှိပြီး ယခုနှစ် ရေလုပ်ငန်းရာသီတွင် ဈေးနှုန်းများပိုမိုရရှိနေကြောင်း၊ ငါးရွှေစည်ဖောင်း တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ငါးရောင်ငါးစည်ဖောင်း တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၂၈၀၀၀ ငါးပုတ်သင်ငါးစည်ဖောင်း တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ပေါက်ဈေးရှိနေသောကြောင့် ယခင်နှစ် ပင်လယ်ရေလုပ်ငန်းရာသီ ပေါက်ဈေးနှုန်းများထက် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ခန့် ဈေးနှုန်းပိုမိုရရှိနေကြောင်း၊ ယခုနှစ်တွင် ပင်လယ်ရေလုပ်ငန်းများမှ ထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများမှာ ယခင်ပင်လယ်ရေလုပ်ငန်းရာသီ ပေါက်ဈေးနှုန်းများထက် ဈေးနှုန်းပိုမိုရရှိကြောင်း ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာမှ ပင်လယ်ရေလုပ်ငန်းရှင်ထံမှ သိရသည်။

Source: YDNP

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/5454-aquatic-products-from-the-delta-will-be-exported-to-markets.html

## တောင်အမေရိကနိုင်ငံ ဆူရီနမ်က မြန်မာ့ပြောင်းကို ဝယ်ယူတင်သွင်း

တောင်အမေရိကတိုက်ရဲ့ နိုင်ငံတစ်ခုဖြစ်တဲ့ ဆူရီနမ်ကို မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိတဲ့ ပြောင်း (၈၇၅) တန်ကို ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အချက်အလက်တွေမှာ ဖော်ပြထားပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ ၂၀၂၁ ခုနှစ်စာရင်းတွေအရ လူဦးရေ (၆) သိန်း ခန့်သာရှိပြီး ကမ္ဘာ့အသေးဆုံးနိုင်ငံတွေထဲပါဝင်တဲ့ ဆူရီနမ်နိုင်ငံက မြန်မာ့ပြောင်းဈေးကွက်ရဲ့ တောင်အမေရိကတိုက် ဖောက်သည်ဈေးကွက်အသစ်ဖြစ်လာခဲ့ပါတယ်။

နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်နေ့အထိ ဈေးကွက်သစ်ဖြစ်တဲ့ ဆူရီနမ်နိုင်ငံကို ပင်လယ်ရေကြောင်းကနေ ပြောင်း (၈၇၅) တန် တင်ပို့ရောင်းချခဲ့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဆိုပါတယ်။ ထိုကာလအတွင်း ဆူရီနမ်အပါအဝင် ပြည်ပဖောက်သည်ဈေးကွက်တွေထံ ပင်လယ်ရေကြောင်းကနေ ကန်ဒေါ်လာ (၁၇) သန်းကျော် တန်ဖိုးရှိတဲ့ ပြောင်းတန်ချိန် (၆) သောင်းခန့်နဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကလည်း ပို့ကုန်ဝင်ငွေ ဒေါ်လာ (၁.၇) သန်း ပမာဏရှိတဲ့ ပြောင်းတန် (၅,၆၀၀) ခန့် တင်ပို့ရောင်းချထားပါတယ်။

MyanTrade ရဲ့ ဖော်ပြချက်အရ ပို့ကုန်ဝင်ငွေ အများဆုံးရရှိတဲ့ အမယ် (၁၀) မျိုးထဲမှာ ပြောင်းပို့ကုန်လည်း ပါဝင်နေပြီး ပြီးခဲ့တဲ့ အောက်တိုဘာလမှာဆိုရင် အမေရိကန်ဒေါ်လာ (၆၅) သန်းကျော်နဲ့ နိုင်ငံခြား အများဆုံးရရှိတဲ့ ပို့ကုန်အမယ် (၃) မျိုးထဲ စာရင်းဝင်ခဲ့ပါတယ်။ လက်ရှိမှာ မြန်မာနိုင်ငံကထွက်ရှိတဲ့ ပြောင်းဆန်တွေကို ပင်လယ်ရေကြောင်းကနေ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဗီယက်နမ်၊ မလေးရှား၊ ဆူရီနမ်၊ သီရိလင်္ကာနဲ့ စင်ကာပူတို့က ဝယ်ယူနေပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ ထိုင်းနဲ့တရုတ်နိုင်ငံတို့ထံ တင်ပို့ရောင်းချလျက်ရှိပါတယ်။

သတင်း – BETV Business

## ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (RCEP) ၌ ဟောင်ကောင်ပါဝင်လာနိုင်ဖွယ်ရှိ



https://www.commerce.gov.mm

အာရှနှင့်ပစိဖိတ်နိုင်ငံများအကြား လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်တစ်ခု ထားရှိဆောင်ရွက်သည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Regional Comprehensive Economic Partnership) ၌ ဟောင်ကောင် ပါဝင်လာနိုင်ဖွယ်ရှိကြောင်း ဟောင်ကောင်ဒေသအုပ်ချုပ်ရေးမှူးချုပ်ဖြစ်သူ မစ္စတာ လီခချန်းအဆိုပြုမှုအား ကိုးကားလျက် တောင်တရုတ် နိုင်ငံပိုင်သတင်းစာ (South China Morning Post) ၏ ဆောင်းပါးတစ်ခုတွင် ဖော်ပြထားပါသည်။

ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ သဘောတူညီချက် (RCEP agreement) စတင်အသက်ဝင်ခဲ့သည့် နေ့ရက်ဖြစ်သော ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် မစ္စတာ လီခချန်းက အဆိုပြုခဲ့ခြင်းဖြစ်ပြီး RCEP ၏ အဓိကအဖွဲ့ဝင် အာဆီယံနိုင်ငံ (၁၀) နိုင်ငံက ဟောင်ကောင်အား RCEP ၌ ပါဝင်လာရန် ကြိုဆိုကြောင်း ဖော်ပြထားပါသည်။

မစ္စတာ လီခချန်းက ဟောင်ကောင်အနေဖြင့် တရုတ်နှင့် ကမ္ဘာ့နိုင်ငံများအကြား ပေါင်းကူးဆက်သွယ်ရန် မဟာဗျူဟာမြောက် အခြေအနေရှိသောကြောင့် လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်အပေါ် ထိရောက်စွာ အကျိုးပြုနိုင်မည်ဟု ယုံကြည်ကြောင်း၊ အာဆီယံနိုင်ငံများသည် ၂၀၂၁ ခုနှစ်ကတည်းကပင် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၆၀ ဘီလီယံကျော်ဖြင့် ဟောင်ကောင်အတွက် ဒုတိယအကြီးဆုံးကုန်သွယ်မှုမိတ်ဖက်ဖြစ်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

မူလအာဆီယံ (၁၀) နိုင်ငံနှင့် ဩစတြေးလျ၊ နယူးဇီလန်၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယားတို့ပါဝင်ထားသည့် အဆိုပါ RCEP သည် ကမ္ဘာ့ကုန်သွယ်မှု၏ ၂၈ ရာခိုင်နှုန်းခန့်၊ ကမ္ဘာ့ပြည်တွင်း အသားတင်ထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်းခန့်၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ ၃၀ ရာခိုင်နှုန်းနီးပါးခန့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့နှင့် ၃ ရက်နေ့တို့တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ကျင်းပခဲ့သော ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ (၁၀) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် လက်ရှိ အာဆီယံဥက္ကဋ္ဌဖြစ်သူ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က လာမည့် ၂၀၂၃ ခုနှစ်တွင် ဟောင်ကောင်အား RCEP ၏ အဖွဲ့ဝင်ဖြစ်စေရေးအတွက် အဖွဲ့ဝင်နိုင်ငံများမှ သဘောတူလက်မှတ်ရေးထိုးပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ တော်ဝင်တက္ကသိုလ် (Royal Academy) မှ စီးပွားရေးသုတေသနပြုသူတစ်ဦးကလည်း ဟောင်ကောင်သည် နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ဆိပ်ကမ်းများရှိသောကြောင့် RCEP ၏ အလားအလာရှိသော စီးပွားရေးဇုန်တစ်ခုဖြစ်လာနိုင်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ ပေးအပ်သည့် အကောက်ခွန်ကင်းလွတ်ခွင့်များကို ဟောင်ကောင်မှခံစားနိုင်မည်ဖြစ်ကြောင်း၊ ထိုမှတဆင့် ၎င်းတို့၏ ရေကြောင်းသယ်ယူ ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာနိုင်ကြောင်း သုံးသပ်ပြောကြားခဲ့ပါသည်။

**Source:** https://www.phnompenhpost.com/business/hong-kong-close-joining-rcep-agre...

https://www.commerce.gov.mm/my/article/update-news-international

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် (၇) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့်စပ်လျဉ်းသည့် ခရီးသွားလုပ်ငန်းဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ အွန်လိုင်းမှပါဝင်တက်ရောက်

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် Basque Culinary Center (BCC) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဂျပန်နိုင်ငံ နာရာမြို့၌ကျင်းပသော (၇) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့်စပ်လျဉ်းသည့် ခရီးသွားလုပ်ငန်း ဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့(ဒီဇင်ဘာ-၁၃) နံနက်ပိုင်းတွင်ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် အွန်လိုင်းမှပါဝင်တက်ရောက်သည်။

ဖိုရမ်ဖွင့်ပွဲတွင် ဂျပန်နိုင်ငံ နာရာပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Shogo Arai၊ နာရာခရီးသွားဗျူရို ညွှန်ကြားရေးမှူးချုပ် Ms. Hirata Chieko၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူး Dr. QU

Dongyu၊ Basque Culinary Center (BCC) အထွေထွေမန်နေဂျာ Mr. Joxe Mari Aizega၊ ကမ္ဘာ့ ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zurab Pololikashvili နှင့် ဂျပန်နိုင်ငံ ခရီးသွား လုပ်ငန်း အေဂျင်စီနှင့် မြေယာ၊ အဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်း ပြည်နယ်ဝန်ကြီး Mr.Hiroo Ishii တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဂျပန်နိုင်ငံ၏ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းနှင့်စပ်လျဥ်း၍ မြေယာ၊ အဆောက်အအုံ၊ ပို့ဆောင်ရေးနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ ဂျပန်နိုင်ငံ ခရီးသွားလုပ်ငန်းအေဂျင်စီ ကော်မရှင်နာ Mr. Koichi Wada က ဂျပန်နိုင်ငံ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းအကြောင်းကိုလည်းကောင်း၊ GreenStar Restaurant Mr. Massayuki Miura က အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း အနာဂတ်မျှော်မှန်းချက်များချမှတ်ခြင်းတို့ကို လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ဖိုရမ်အစီအစဉ်အရ အမျိုးသမီးနှင့်လူငယ်များ၏ "ပင်ကိုစွမ်းရည်၊ အစားအသောက်များ အလေအလွင့်မရှိစေရေး"၊ ကမ္ဘာမြေကြီးနှင့် လူသားတို့၏အနာဂတ်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စေရေးနှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းစိန်ခေါ်မှုများ အစရှိသည့် ခေါင်းစဉ်များကို အပိုင်းသုံးပိုင်းခွဲခြား၍ ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါဖိုရမ်ကို အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များမှ အလေ့အကျင့်ကောင်းများနှင့် အတွေးအမြင်သစ်များကို ဝေမျှပေးနိုင်ရန်နှင့် ကိုဗစ်-၁၉ အလွန်တွင် ပြန်လည်ထူထောင်လာနိုင်စေရေး ရည်ရွယ်၍ "Gastronomy Tourism for People and Planet: Innovate, Empower and Preserve" ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု အထူးပြုဘာသာရပ်ကို သင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်း ဘာသာရပ်များကို တက္ကသိုလ်အဆင့် ဖွင့်လှစ်နိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဟိုတယ်နှင့်ခရီးသွားဘာသာရပ်များ သင်ကြားနိုင်ရေး အတွက် ဝန်ကြီးဌာနမှ အရာထမ်းများနှင့် ခရီးသွားကျွမ်းကျင်သူများ၊ နိုင်ငံတကာတက္ကသိုလ်များမှ ပါမောက္ခများ လာရောက် သင်ကြားပို့ချပေးခဲ့မှုများ၊ နိုင်ငံခြား ပညာတော်သင်များ စေလွှတ်ခဲ့မှုများ၊ ပြည်ပခရီးသွားတက္ကသိုလ်များနှင့် Student Exchange Program ဆောင်ရွက်ခဲ့မှုများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများတွင် လက်တွေ့လေ့လာသင်ယူနိုင်ရေးနှင့် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာနီလာမြင့်ထူးက ဒီပလိုမာနှင့် ဘွဲ့သင်တန်းများ သင်ကြားပေးနေမှုများနှင့် ဆက်လက်ဖွင့်လှစ်ပို့ချမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စု ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/34051

## ဂန္ဓမာပန်းများ စိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းကာ ဈေးကောင်းရရှိသဖြင့် ပန်းစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိ



https://www.myawady.net.mm

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟိုင်းကြီးကျွန်းမြို့အတွင်းရှိ ဂန္ဓမာပန်း စိုက်ပျိုးရောင်းချသူများ အနေဖြင့် ယခုနှစ်တွင် ဂန္ဓမာပန်းစိုက်ခင်းများအောင်မြင်ပြီး ဈေးကောင်းရရှိကာ ပုံမှန် ရောင်းချနေကြရသဖြင့် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော် ဂန္ဓမာပန်းစိုက်ပျိုးလာတာ ဆယ်နှစ်လောက်ရှိပါပြီ။ အခုလို အောင်အောင်မြင်မြင်ဖြစ်ဖို့ ငါးနှစ်လောက်အချိန်ယူရတယ်။ အောင်မြင်တယ်ဆိုပေမယ့် လည်း လိုအပ်ချက်လေးတွေကတော့ ရှိသေးတယ်လို့ထင်ပါတယ်။ အခုလက်ရှိကတော့ ပန်းမျိုးစုံ ပျိုးပင် ၃၀၀၀၀ လောက် စိုက်ပျိုးထားပါတယ်။ ပန်းမျိုးကတော့ လပ်ကီး၊ ကြေးဖြူ၊ မြနှင်းဖြူ၊ ဆန်းမားစတဲ့ ပန်းမျိုးတွေဖြစ်ပြီးတော့ တောင်ကြီးဘက်က မှာယူရပါတယ်။ ကျွန်တော်တို့ဒေသက ဧရိယာကျဉ်းတဲ့ အတွက် စီးပွားဖြစ်

အင်နဲ့အားနဲ့တော့ စိုက်ပျိုးလို့မရဘူး။ ကျွန်တော်တို့ ဒေသထွက်ပန်းမျိုးက မြို့ကဝင်လာတဲ့ ပန်းမျိုးနဲ့ယှဉ်ကြည့်ရင် မြို့ပန်းထက် ရက်ပိုခံတဲ့အတွက် လူကြိုက်လည်းများပါတယ်။ ရာသီကုန်တဲ့အထိတော့ ပန်းမျိုးမပြတ်အောင် ဆင့်ကာဆင့်ကာ စိုက်ပျိုးသွားမှာပါ”ဟု ကံချိုင်ကျေးရွာမှ ပန်းစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ကိုထွန်းအေးကပြောသည်။

အဆိုပါ ဂန္ဓမာပန်းသုံးခက်ပါ တစ်ပင်လျှင် ငွေကျပ် ၅၀၀ ဖြင့် ပြန်လည်ရောင်းချရကာ ဂန္ဓမာပန်းစိုက်ပျိုးရေးကို ဟိုင်းကြီးကျွန်းမြို့ရှိ ကံချိုင်၊ ကျောက်ချောင်း၊ ကညင်ချောင်း စသည့်ကျေးရွာအုပ်စုတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

**Source:** https://www.myawady.net.mm/node/33923

## ဧရာဝတီတိုင်းဒေသကြီးထွက် ငါးရံ့ခြောက်များ ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့နေရသဖြင့် အရောင်းအဝယ်ကောင်းနေ


Source: ရတနာပုံသတင်းစာ

ဧရာဝတီတိုင်းဒေသကြီးထွက် ငါးရံ့ခြောက်များ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ပြည်ပဈေးကွက်သို့ ပြည်လည်တင်ပို့နေရသဖြင့် အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းနေကြောင်း ပုသိမ်မြို့မှ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်မြတ်မော်ထံမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးထွက် ငါးရံ့ခြောက်များ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချမှုကို ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီရပ်ဆိုင်းခဲ့ရကြောင်း၊ အဆိုပါငါးရံ့ခြောက်များ တင်ပို့ရောင်းချမှုကို ယခုနှစ် နိုဝင်ဘာလမှစတင်၍ ရန်ကုန်မှတစ်ဆင့် တရုတ်၊ ထိုင်း၊ စင်ကာပူ ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချနေခြင်းကြောင့် လက်ရှိတွင် ရန်ကုန်ဈေးကွက်မှ ငါးရံ့ခြောက်များ ဝယ်ယူမှုအားကောင်းနေကြောင်း သိရသည်။

“ရန်ကုန်ကနေပြီးတော့ ဧရာဝတီတိုင်းဒေသကြီးထွက် ငါးရံ့ခြောက်ကိုမှာယူပြီး နိုင်ငံခြားထိ တင်ပို့နေပါတယ်။ ဒါပေမဲ့ မနှစ်က တင်ပို့မှုရပ်ဆိုင်းခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုကြောင့်ပါ။ အခုနှစ်တော့ ငါးရံ့ခြောက်ပြည်ပဈေးကွက်တင်ပို့ရောင်းချတဲ့လုပ်ငန်းကို နိုဝင်ဘာလကနေ စတင်လုပ်ကိုင်လျက်ရှိပါတယ်။ လက်ရှိ ရန်ကုန်ဈေးကွက်ကို ဧရာဝတီတိုင်းဒေသကြီးကနေထွက်တဲ့ ငါးခြောက်တန်ချိန် ၅၀ ထိ ငါးရက်တစ်ကြိမ် တင်ပို့ရောင်းချနေရပါတယ်။ အရင်နှစ်က ဈေးကွက်ပျက်တဲ့အထိဖြစ်ခဲ့တာမို့ အခုလို ပြန်လည်တင်ပို့ရတော့ အဆင်ပြေပါတယ်” ဟု ပုသိမ်မြို့မှ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်မြတ်မော်ကပြောပြသည်။

လက်ရှိ ဒေသငါးခြောက်ဈေးကွက်တွင် ငါးရံ့ခြောက်အကြီး တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၀၊ ငါးရံ့ခြောက်အလတ် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ငါးရံ့ခြောက်အသေး တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

# STOCK EXCHANGE (14.12.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 14th Dec. 2022

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 696 (Shares) | 7,885,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +0 | +0.00% | 9,100 | 9,100 | 9,100 | 0 | 0 | 33,109,694 | 301,298 |
| MTSH | 00002 | 3,250 | -50 | -1.52% | 3,250 | 3,250 | 3,250 | 104 | 338,000 | 38,929,150 | 126,520 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 3 | 22,800 | 10,400,986 | 79,048 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 329 | 6,251,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 260 | 1,274,000 | 10,497,598 | 51,438 |

## Market summary

As of 14th Dec. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.11 | -1.11 | -0.28% | 398.11 | 398.11 | 398.11 | 696 | 7,885,800 | 7 | 692,552 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 14th Dec. 2022

| Trading Volume | Trading Value |
|---|---|
| 696 (Shares) | 7,885,800 (MMK) |

### Main Board

As of 1:00 pm, 14th Dec. 2022

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 696 (Shares) | 7,885,800 (MMK) |

| MYANPIX | 398.11 ▼ 1.11 |
|---|---|
| Total Volume (shares) | 696 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 692,552 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 0 |
| MTSH | 00002 | 3,250 | ▼ 50 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |